**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

နေ့စွဲ - ၁၅.၇.၂၀၁၅

## လတ်တလောပစ်ခတ်မှုတိုက်ခိုက်မှုဖြစ်ပွားခြင်းအပေါ် ကေအဲန်ယူသဘောထားထုတ်ပြန်ချက်

၁။ လတ်တလောမြန်မာတပ်မတော်နှင့် ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော်(DKBA) တို့ အာရှလမ်းမကြီးကိုအခြေပြုပြီး တိုက်ပွဲများဖြစ်ပေါ်လာရခြင်းအပေါ် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး မှစိုးရိမ်မှုရှိပါသည်။

၂။ ယခုကဲ့သို့ကရင်ပြည်နယ်အတွင်း တိုက်ပွဲများဖြစ်ပေါ်လာခြင်းကြောင့် အစိုးရနှင့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုရန် ကြိုးပမ်းဆောင်ရွက်နေသော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) ဆိုင်ရာလုပ်ငန်းစဉ်ကိုမထိခိုက်စေလိုပါ။

၃။ လတ်တလောကရင်ပြည်နယ်အတွင်းဖြစ်ပေါ်နေသည့် စစ်ရေးပဋိပက္ခအား ငြိမ်းချမ်းသောနည်းလမ်းဖြင့်ပြေလည်မှုရရှိရန် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့် အဖြေရှာဆောင်ရွက်ရေးကို နှစ်ဘက်စလုံးအား KNU မှမေတ္တာရပ်ခံတောင်းဆိုပြီး DKBA နှင့် မြန်မာတပ်မတော်တို့အကြား တွေ့ဆုံဆွေးနွေးပွဲများဖြစ်ပေါ်ရေးအတွက် အဖက်ဖက်မှ ကြိုးစားပြီးညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်

*********